၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်

ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု၏လူမှုမီဒီယာမူဝါဒ

ပါရမီအနေဖြင့် လူ့ဂုဏ်သိက္ခာ၊ ထူးချွန်မှုနှင့် ပညာရှင်ပီသမှုတို့ကို ကိုယ်စားပြုသော တန်ဖိုးနှင့် ယုံကြည်မှုစသည်တို့ကို လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ထားပါသည်။ ဤလူမှုမီဒီယာ မူဝါဒသည် ဝန်ထမ်းများအနေဖြင့် ကုမ္ပဏီနှင့်ပတ်သက်ပြီး လူမှုမီဒီယာနှင့် အင်တာနက်တွင် ဖော်ပြမှုများနှင့် သက်ဆိုင်ပြီး ဝန်ထမ်းကျင့်ဝတ်တွင်ဖော်ပြထားသော လမ်းညွှန်မှုများနှင့် ဆက်စပ်သည်။ ဤမူဝါဒ သည် အလုပ်၏တစိတ်တဒေသအနေဖြင့်လည်းကောင်း သို့မဟုတ် ၎င်းတို့၏ပုဂ္ဂိုလ်ရေးကိစ္စရပ်များ ကို ဖော်ပြမှုများနှင့်လည်းကောင်း ဆက်စပ်အကျုံးဝင်သည်။

နိဒါန်း

၁။ ဝန်ထမ်းများသည် ဖောက်သည်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ အစုရှယ်ယာဝင်များနှင့် ဆက်ဆံရာတွင်မျှတမှု၊ သင့်တင့်လျောက်ပတ်သော ယဉ်ကျေးမှု၊ စဉ်းစားဆင်ခြင်မှုနှင့် နူးညံ့သိမ်မွေ့မှုရှိသော အလေ့အထများဖြင့် ဆက်ဆံဆောင်ရွက်ရမည်။ ဝန်ထမ်းများ သည် မိမိအား ခန့်အပ်မှုမှတဆင့်ရရှိသော မည်သည့်လျှို့ဝှက်ချက် (သို့မဟုတ်) ကိုယ်ရေး ကိုယ်တာသတင်း အချက်အလက်များကိုမဆို တတိယပုဂ္ဂိုလ်အား ထုတ်ဖော် ပြောကြားခြင်းမပြုရ။ ကုမ္ပဏီစီမံခန့်ခွဲမှုနှင့် အခြားသောဝန်ထမ်းများ အခြေခံအား ဖြင့်သိရန် လိုအပ်မှသာလျှင် ယင်းလျှို့ဝှက်ချက် (သို့မဟုတ်) ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက် များကိုဖြန့်ဝေအသိပေး ရမည်ဖြစ်ပါသည်။

၂။ ဤလမ်းညွှန်မှုများသည် ပုဂ္ဂိုလ်ရေးရာလွတ်လပ်စွာ ပြောဆိုခွင့်ကို ပိတ်ပင်ခြင်း မဟုတ်ဘဲကုမ္ပဏီ၏လုပ်ငန်းအကျိုးစီးပွားကို ထိန်းသိမ်းရန်ဆိုလိုခြင်းသာ ဖြစ်သည်။